ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၂၃ - ၁ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ပြည်ပခရီးစဥ်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အလွန်ဟောင်းနွမ်းနေပြီဖြစ်သော သုဝဏ္ဏမိုးလုံလေလုံ အားကစား အဆောက်အအုံကြီးကို အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အလွန်ဟောင်းနွမ်းနေပြီဖြစ်သော သုဝဏ္ဏမိုးလုံလေလုံ အားကစား အဆောက်အအုံကြီးကို အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုသော မေးခွန်းမှာ မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အလွန်ဟောင်းနွမ်းနေပြီဖြစ်သော သုဝဏ္ဏမိုးလုံလေလုံ အားကစား အဆောက်အအုံကြီးကို အကြီးစား ပြန်လည်မွမ်းမံ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးသော လမ်းဆုံမြို့လည်း ဖြစ်ပါတယ်။ နိုင်ငံကျော် မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များနှင့် ထူးချွန်သော အားကစားပညာရှင်များ မွေးထုတ်ပေးရာမြို့လည်းဖြစ်ပါတယ်။ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံကြီးသည် သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက် သထုံ - ဘားအံကားလမ်းမကြီးဘေးတွင် တည်ရှိပါတယ်။ ၁၉၉၁ - ၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၅ - ၁၉၉၆ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ်သိန်း(၂၅၀)၊ ပြည်သူလူထုမှ ထောက်ပံ့ငွေ ကျပ်သိန်း(၃၅၀) စုစုပေါင်းစီမံကိန်းတန်ဖိုးမှာ ကျပ်သိန်း(၆၀၀)ဖြင့် တည်ဆောက်ခဲ့ပါတယ်။ အကျယ်အဝန်းမှာ (၂၈၃ x ၂၁၀)ပေရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဂရန်အမည်ပေါက်မြေပေါ်တွင် တည်ဆောက်ခဲ့ပါတယ်။ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံကြီး၏ အတိုင်းအတာမှာ အလျား(၁၀၀)ပေ၊ အနံ(၈၄)ပေ၊ အမြင့်(၃၂)ပေ ကျယ်ဝန်းပြီး မြို့နယ်အားကစားပြိုင်ပွဲများနှင့် သထုံမြို့နယ်ရှိ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ပါတယ်။

ယခုလက်ရှိ မိုးရာသီတွင် အားကစားရုံအတွင်း လာရောက်လေ့ကျင့်နေသည့် အားကစားနည်းများမှာ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ မြန်မာ့ရိုးရာလက်ဝှေ့အပြင် စားပွဲတင်တင်းနစ် အစရှိသည့် အားကစားနည်းမျိုးစုံကိုလည်း တွေ့ရှိရပါတယ်။ အားကစားရုံသည် နှစ်ကြာအဆောက်အအုံ ဖြစ်သည့်အတွက် အားကစားသမားများ လေ့ကျင့်သည့်အခါတွင် သတိပြုကစားနေရပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဒါကတော့ သထုံမြို့နယ် အားကစားခန်းမကြီးကို ရှေ့မျက်နှာစာမှ မြင်တွေ့ရတဲ့ပုံဖြစ်ပါတယ်။ အထက်ပါ ပုံကတော့ အတွင်းဘက်မှာ မြင်တွေ့ရတဲ့ ပုံဖြစ်ပါတယ်။ အမိုးတွေကလည်း ပျက်စီးနေပါတယ်။ ခေတ်မမီတော့တဲ့ ပွဲကြည့်စင်များကို အဆင်ပြေသလို တည်ဆောက်ထားတဲ့ ပွဲကြည့်စင် ဖြစ်ပါတယ်။ ခိုင်ခံ့မှု အားနည်းလာတဲ့အတွက် အောက်ခြေအုတ်ခုံတွေ ယိုင်နဲ့နေတဲ့ပုံ ဖြစ်ပါတယ်။ အားကစားသမားများ အသုံးပြုတဲ့ အိမ်သာဖြစ်ပါတယ်။ ယိုယွင်းပျက်စီးနေပြီး ဘယ်လိုမှ အသုံးပြုခွင့်မရှိခဲ့တဲ့ အိမ်သာတချို့ကတော့ ပိတ်ထားရပါတယ်။ အားကစားခန်းမ နောက်ဘက်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာ ဖြစ်ပါတယ်။ လုံးဝနေလို့ မရတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ အဆောက်အအုံသည် နှစ်ပေါင်း(၃၀)နီးပါး ကြာမြင့်လာပြီဖြစ်သည့်အတွက် ခိုင်ခံ့မှုမရှိတော့ဘဲ အားကစားများ လေ့ကျင့်ရာတွင် အခက်အခဲများစွာ တွေ့ရှိရပါတယ်။ အနာဂတ် မျိုးဆက်သစ် ကျောင်းသားလူငယ် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အလွန်ဟောင်းနွမ်းနေပြီဖြစ်သော သုဝဏ္ဏ မိုးလုံလေလုံ အားကစားအဆောက်အအုံကြီးကို အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်ပေးရန် လိုအပ်ပါက အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

ခေတ်မမီသော ပွဲကြည့်စင်များ မြင်ကွင်းပုံ (ခ)




အားကစားသမားများ အသုံးပြုသောအိမ်သာ မြင်ကွင်းပုံ (ခ-၁)



အားကစားခန်းမ နောက်ဘက်ရှိ ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (ခ-၂)



**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား စံကိုက် တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား စံကိုက် တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရေဇွာတိုက်နယ်ဆေးရုံဟာ ၂ - ၈ - ၁၉၇၃ ရက်နေ့တွင် နိုင်ငံတော်က ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်တွင် အလျားပေ(၁၂၀)၊ အနံပေ(၃၀)ဖြင့် အုတ်ညှပ်နဲ့ တည်ဆောက်ပေးခဲ့ပါတယ်။


ထိုကဲ့သို့ တည်ဆောက်ရာတွင် ဒေသသဲနှင့် ဒေသထွက်သစ်များဖြင့်သာ ဆောက်လုပ်ခဲ့သောကြောင့် ယခုအခါ နှစ်ပေါင်း(၂၆)နှစ်ကျော် ကြာမြင့်လာသည်နှင့်အမျှ အဆောက်အအုံဟာ အက်ကွဲပြီး တော့မှ မိုးယိုတာတွေလည်း ဖြစ်ပေါ်နေပါတယ်။ ဆေးပုံမှန်သုတ်ထားသောကြောင့် အပေါ်ယံကြည့်မယ်ဆိုပါက ကောင်းမွန်နေသည်ဟု ထင်ရပါတယ်။ ရေဇွာတိုက်နယ်ဆေးရုံကို စံကိုက်ဆေးရုံအဖြစ် ကောင်းမွန်စွာ တည်ဆောက်ပေးပြီး ဆရာဝန်နှင့် ဆေးရုံဝန်ထမ်းများ၊ ဆေးဝါးများ လုံလောက်စွာ ချပေးထားမည်ဆိုပါက ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း(၁၈)ခုမှ ဒေသခံပြည်သူ (၂၀၀၀၀)ကျော်က အားကိုးအားထားပြုရမယ့်ဆေးရုံ ဖြစ်ပါတယ်။ ရေဇွာတိုက်နယ်ဆေးရုံမှ အနီးဆုံး မြို့နယ်ဆေးရုံများကို ဖော်ပြရမယ်ဆိုရင် မတူပီဆေးရုံသို့(၆၇)မိုင်၊ ထန်တလန်ဆေးရုံသို့(၈၇)မိုင်၊ ဟားခါးဆေးရုံသို့(၁၀၇)မိုင်၊ ဂန့်ဂေါဆေးရုံသို့(၁၀၅)မိုင် အသီးသီး ကွာဝေးပါတယ်။ ဤကဲ့သို့ မြို့နယ်ဆေးရုံများနဲ့ အလှမ်းကွာဝေးနေတဲ့အတွက်ကြောင့်မို့လို့ ပထဝီအနေအထားအရ အကျိုးပြုသည့် ဒေသခံပြည်သူများရဲ့ အခက်အခဲများကိုလည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ရေဇွာတိုက်နယ်ဆေးရုံရဲ့ ဧရိယာကို Google Earth နဲ့ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာကတော့ အရှေ့ဘက်မျက်နှာစာ မြင်ရတဲ့ပုံဖြစ်ပါတယ်။ သွပ်မိုးတွေကလည်း ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။

ဒါကတော့ အနောက်ဘက်မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ ဝန်ထမ်းတွေနေတဲ့ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ တကယ် ဟောင်းနွမ်းပျက်စီးနေပြီဖြစ်ပါတယ်။ ဒီ ဘယ်ဘက်ခြမ်းကတော့ မျက်နှာကြက်တွေ ကွာကျပြီးတော့မှ ဒီလိုအနေအထားပဲ တွေ့ရတာဖြစ်ပါတယ်။ ညာဘက်ခြမ်းကတော့ ယင်လုံအိမ်သာဖြစ်ပါတယ်။ NGO က တည်ဆောက်ပေးတဲ့အိမ်သာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ထို့အတွက်ကြောင့်မို့လို့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား စံကိုက် တိုက်နယ်ဆေးရုံအဖြစ် လာမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ရေဇွာမြို့ တိုက်နယ်ဆေးရုံဧရိယာအား Google မှမြင်ရသည့်ပုံ (၈)




ရေဇွာတိုက်နယ်ဆေးရုံအား အရှေ့ဘက်မျက်နှာစာမှ မြင်ရပုံ (၈-၁)



ရေဇွာတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ မြင်ကွင်းပုံ (ဂ-၂)



**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် (A)အဆင့် သတ်မှတ်ချက်ရှိ အားကစားရုံတစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် (A)အဆင့် သတ်မှတ်ချက်ရှိ အားကစားရုံ တစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖြေကြားပေးမယ့် ဒုတိယဝန်ကြီးအပါအဝင် ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်က ဧရိယာအားဖြင့်တော့ (၂၀၅၃)စတုရန်းမိုင်ရှိပြီး လူဦးရေ (၂၅၀၀၃၉)ဦးခန့်ရှိတဲ့ ခရိုင်ဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်အတွင်းမှာဆိုရင် ဂန့်ဂေါမြို့၊ ထီးလင်းမြို့၊ ဆောမြို့၊ ကျောက်ထုမြို့နယ်နှင့် ကျောမြို့နယ်ဟူ၍ (၅)မြို့နယ် ပါဝင်ဖွဲ့စည်းထားတဲ့ခရိုင်ကြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင် အားကစားကွင်းကို ၁၉၄၈ ခုနှစ်မှာ စတင် အကောင်အထည် ဖော်ခဲ့ပြီးတော့မှ ၁၉၈၆ ခုနှစ်မှာတော့ အထူးတန်းပွဲကြည့်စင်အား ကျပ်သိန်းပေါင်း(၅၀၀)ဖြင့် လည်းကောင်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ် အုတ်တံတိုင်းကို ကျပ်သိန်းပေါင်း (၃၄၃)သိန်းဖြင့်လည်းကောင်း ကာရံခဲ့ပြီးတော့မှ ၂၀၁၈ ခုနှစ်မှာတော့ ကစားကွင်း အတွင်းပိုင်းကို ပွဲကြည့်ပရိသတ်များ မဝင်လာနိုင်

ရေးအတွက် ယာယီသစ်သားများဖြင့် ကာရံပြီးတော့မှ ယနေ့ ဆောင်ရွက်ထားတဲ့ အခြေအနေရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာ (၅)ခရိုင်ရှိတဲ့အနက် (၄)ခရိုင်မှာတော့ မိုးလုံလေလုံအားကစားရုံများဖြစ်နေကြပြီး ဂန့်ဂေါခရိုင်(၁)ခုသာ မိုးလုံလေလုံ အားကစားရုံမရှိဘဲ ကျန်ရှိနေပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ခရိုင်မြို့မဟုတ်တဲ့ အောင်လံမြို့၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့၊ ရေစကြိုမြို့၊ ကမ္မမြို့၊ မင်းတုန်းမြို့ ဒီမြို့တွေမှာတောင် အားကစားရုံများဟာ မိုးလုံလေလုံဖြစ်နေပြီးတော့မှ ခရိုင်မြို့ဖြစ်တဲ့ ဂန့်ဂေါခရိုင်မှာတော့ ယနေ့အထိ မိုးလုံလေလုံ အားကစားရုံအဆင့် မရှိသေးပါဘူးခင်ဗျား။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင်မှ နိုင်ငံ့အားကစားသမား လက်ရွေးစင်(၂၅)ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှာဆိုရင် အားကစားသမား(၉၃)ဦး မွေးထုတ်ပေးနိုင်ပြီးတော့မှ မကွေးတိုင်းဒေသကြီး (၅)ခရိုင်အတွင်းမှာ အားကစားသမား အများဆုံး မွေးထုတ်ပေးတဲ့ ခရိုင်တစ်ခုဖြစ်တဲ့အတွက် ဂန့်ဂေါမြို့နယ်မှာ (A)အဆင့် သတ်မှတ်ချက်ရှိ အားကစားရုံအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်ရှင်။ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သည့် မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် အလွန်ဟောင်းနွမ်းနေပြီဖြစ်သော သုဝဏ္ဏမိုးလုံလေလုံအဆောက်အအုံကြီးကို အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဦးစွာပထမ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံမြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက် ၀၄၀၂ ပြုပြင်ထိန်းသိမ်းရေးစရိတ်ခေါင်းစဉ်မှ ခွင့်ပြုငွေကျပ်သန်း(၂၀)ဖြင့် အမိုးမိုးခြင်း၊ မီးတပ်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများအား ၂ - ၂ - ၂၀၁၈ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၅ - ၃ - ၂၀၁၈ ရက်နေ့တွင် လုပ်ငန်းများ (၁၀၀)ရာခိုင်နှုန်း ပြီးစီးအောင်

ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံမှာ (အလျား ၁၀၀ x အနံ ၈၄ x အမြင့် ၃၂)ပေသာရှိပြီး နှစ်ပေါင်း(၃၀)ခန့်ကြာမြင့်ပြီဖြစ်၍ အဆောက်အအုံမှာ ခိုင်ခံ့မှုအားနည်းလျက်ရှိပြီး သတ်မှတ် စံချိန်စံညွှန်းရှိသည့် (A)အဆင့် အားကစားရုံမဟုတ်သဖြင့် အကြီးစားပြိုင်ဆင်မှုလုပ်ငန်းများဖြစ်သည့် လှေထိုးကြမ်းခင်းခြင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက လုံလောက်သောအကျယ်အဝန်း မရှိခြင်းတို့ကြောင့် အကြီးစားပြိုင်ဆင်မှုများကို မပြုလုပ်သင့်ပါကြောင်းနှင့် သထုံမြို့သည် သထုံခရိုင် ရုံးစိုက်ရာမြို့ဖြစ်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီသည့် အားကစားရုံမရှိသည့်အတွက် မွန်ပြည်နယ် ဝန်ကြီးချုပ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေစာရင်းတွင် တင်ပြ၍ ခွင့်ပြုချက်ရရှိပါက (A)အဆင့် (အလျား ၁၂၀ x အနံ ၉၀)ပေရှိ မိုးလုံလေလုံ အားကစားရုံသစ်အား တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ၏ မေးခွန်းဖြစ်သည့် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား စံကိုက် တိုက်နယ်ဆေးရုံ အဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာတိုက်နယ်ဆေးရုံတွင် ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်ကာလအတွင်း (၂)ခန်းတွဲဆရာဝန်အိမ်ရာ(၁)လုံး၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ပေးနိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေကျပ်(၈၆)သန်း ပါရှိထားပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်ကာလတွင် ရေဇွာမြို့၏ လက်ရှိဆေးရုံဝင်းအတွင်း၌ ခွဲစိတ်ခန်းနှင့်မွေးခန်း ပါဝင်သော နှစ်ထပ်စံကိုက် လူနာဆောင်အား မြေနေရာစိစစ်မှုအရ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မကွေးတိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင် ၏ မေးခွန်းဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် (A)အဆင့် သတ်မှတ်ချက်ရှိ အားကစားရုံတစ်ခုကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်တွင် (A)အဆင့် (အလျား ၁၂၀ x အနံ ၉၀)ပေ အားကစားရုံတစ်ခု တည်ဆောက်ခြင်းနှင့်ဘောလုံးကွင်းအတွင်း Inner Fencing ကာရံခြင်းလုပ်ငန်းအတွက် ကျပ်(၃၅)သန်းတို့အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြပြီးဖြစ်ပါ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မရှိမဖြစ်လိုအပ်နေသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအား ပြန်လည် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မရှိမဖြစ်လိုအပ်နေသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအား ပြန်လည် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်ထလန်မြို့ကို ဟားခါးမြို့မှ ခွဲထွက်ပြီးတော့ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလတွင် မြို့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ထိုအခါ မြို့နယ်အဆင့်နှင့်အညီ အစိုးရ ဌာနဆိုင်ရာ ရုံးများကိုလည်း ဖွဲ့စည်းပေးခဲ့ပါတယ်။ ၎င်းမြို့ ဖွင့်လှစ်သည့်အချိန်တွင် ရပ်ကွက်(၁)ခု၊ ကျေးရွာအုပ်စု (၃၇)ခု၊ ကျေးရွာပေါင်း (၇၈)ရွာ၊ လူဦးရေပေါင်း (၃၈၀၀၀)ဦးခန့်သာ ရှိပါတယ်။ ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးကို ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး လူနေအိမ်ခြေ နည်းပါးခြင်း၊ ဝင်ငွေခွန်ရရှိမှု နည်းပါးခြင်းကြောင့် ၁ - ၉ - ၁၉၈၉ ရက်နေ့တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးကို ပြန်လည်ရုပ်သိမ်းပြီး ဟားခါးမြို့မှ တွဲဖက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ ထန်တလန်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၄၀)နှင့် ကျေးရွာပေါင်း(၉၀)၊ လူဦးရေပေါင်း (၅၂၀၀၀)ကျော်ရှိနေပြီ ဖြစ်ပါတယ်။

ထန်တလန်မြို့ပေါ်တွင် လူနေအိမ်ခြေ (၁၇၀၅)အိမ်နှင့် အိမ်ထောင်စုပေါင်း (၁၈၀၀)၊ လူဦးရေပေါင်း (၇၁၉၄)ဦးရှိနေပြီး၊ မြို့နယ်တွင် အိမ်ထောင်စုပေါင်း (၁၀၅၀၂)စုနှင့် လူဦးရေပေါင်း (၅၂၀၀၀)ကျော်ရှိပါတယ်။ ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူး၏စာရင်းအရ ထန်တလန်မြို့နယ်ရဲ့ နှစ်အလိုက် အခွန်အရပ်ရပ်ကောက်ခံမှုဟာ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ (၉.၂၆၇)သန်း၊ ၂၀၁၅ - ၂၀၁၆

ခုနှစ်မှာ (၁၈.၈၄၅)သန်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် (၂၉.၉၃၅)သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် (၈၀.၉၀၇)သန်းဖြင့် တစ်နှစ်ပြီးတစ်နှစ် တိုးတက် ကောက်ခံလျက်ရှိပါတယ်။

ထို့အတူ ထန်တလန်မြို့နယ်ရှိ စည်ပင်သာယာရေးရုံး၏ အခွန်ကောက်ခံရရှိမှုမှာ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် (၄၀.၀)သန်း၊ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် (၄၂.၅၄)သန်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် (၅၂.၇)သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် (၄၁.၅)သန်း စသည်ဖြင့် အသီးသီးကောက်ခံရရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထန်တလန်မြို့တွင် အထည်ဆိုင်(၅၆)ဆိုင်၊ ကုန်ခြောက်ဆိုင်(၆၆)ဆိုင်၊ လက်ဖက်ရည်ဆိုင်(၂၀)၊ ထမင်းဆိုင်(၂)ဆိုင်၊ သားသတ်ရုံ(၂)ရုံ ရှိပါတယ်။ ကုမ္ပဏီလုပ်ငန်းရှင်များ (၅၀)ဦးခန့်ရှိသည့်အတွက် အခွန်ငွေများ ပိုမိုရရှိရန် အလားအလာကောင်းသောမြို့တစ်ခု ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်လာဖို့ အခွန်ဝင်ငွေ များနိုင်သလောက်များအောင် ရရှိရေးဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပြီး အခွန်များကို ဖိဖိစီးစီးကောက်ခံရန် အထူးလိုအပ်လှပါတယ်။ ထန်တလန်မြို့နယ်မှာ အခွန်ရုံး မရှိတဲ့အတွက် ပေးဆောင်ရမယ့်အခွန်များကို ဟားခါးမြို့သို့ သွားရောက်ပေးဆောင်ရတဲ့အတွက် များစွာအခက်အခဲရှိပြီး အခွန်ကောက်ခံရရှိမှုဟာလည်း ရသင့်သလောက် မရတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဖွင့်လှစ်ပေးနိုင်ပါက အခွန်ထမ်းများ ပြည်တွင်းအခွန်ရရှိမှု များစွာတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ဥပဒေအရ ပေးဆောင်ရမည့်အခွန်များကို ပေးဆောင်ရန် တာဝန်ရှိပါတယ်။ ထန်တလန်မြို့ဟာ နယ်စပ်ကုန်သွယ်ရေးမြို့တစ်မြို့ ဖြစ်လာတဲ့အတွက် အခွန်ဝင်ငွေများ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်တွင် အခွန်ရုံးဖွင့်လှစ်ပြီး ပြန်လည်ရုပ်သိမ်းတာကို ပြန်လည်စဉ်းစားပေးဖို့ မဲဆန္ဒရှင် ပြည်သူလူထုများမှ တောင်းဆိုကြပါတယ်။ မြို့ပြစီမံကိန်းရေးဆွဲတာလည်းပဲ အခွန်ရုံးအတွက် မြေနေရာ သတ်မှတ်လျာထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မရှိမဖြစ်လိုအပ်နေတဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲကို မြို့နယ်စီးပွားရေးဘဏ်ခွဲအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲကို မြို့နယ်စီးပွားရေးဘဏ်ခွဲအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲအား အဆင့်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ဒီမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်မြို့နယ်သည် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ပါဝင်သော ခရိုင်အဆင့်မြို့တစ်မြို့ ဖြစ်ပါတယ်။ သို့ရာတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအနေဖြင့် ငွေတိုက်ခွဲအဆင့်သာ ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ ငွေသွင်း၊ ငွေထုတ်ခြင်း လုပ်ငန်းများမှာ နှစ်စဉ် တိုးတက်များပြားလာပါတယ်။ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘဏ်သို့ အပ်နှံစုဆောင်းသူဦးရေ (၇၃၀)ဦးရှိသဖြင့် စုဆောင်းငွေကျပ် (၁၁၅၀)သန်းကျော်ခန့် ရှိပြီးဖြစ်ပါတယ်။ မြို့နေလူထုနှင့်အတူ တပ်ရင်း(၂)ရင်းမှ စစ်သည်မိသားစုများလည်း မှီခိုအားထားပြုနေရသည့် ငွေတိုက်ခွဲဖြစ်ပါတယ်။ ဟိုပန်မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် အဆင့်မီ ရုံးအဆောက်အအုံကို ၂၀၁၂ ခုနှစ်တွင် ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။

သို့ရာတွင် ယခုအချိန်ထိ မြို့နယ်စီးပွားရေးဘဏ်အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိ။ ဝန်ထမ်းများလည်း တိုးမြှင့်ခန့်ပေးထားနိုင်ခြင်းမရှိခဲ့ပါ။ ဟိုပန်မြို့နယ် မဲဆန္ဒရှင်ပြည်သူများ၏ တင်ပြချက်အရ ဤမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲကို မြို့နယ်စီးပွားရေးဘဏ်ခွဲအဆင့်သို့ အဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါတယ်။ မည်သည့်ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ၏ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မရှိမဖြစ် လိုအပ်နေသည့် မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးအား ပြန်လည် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားမှာဖြစ် ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်တွင် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး(၁)ရုံး (ဟားခါး)၊ (က)အဆင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁)ရုံး(ဟားခါး)၊ (ခ)အဆင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံး(၁)ရုံး(တီးတိန်)၊ (ဂ)အဆင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(၃)ရုံး(ဖလမ်း၊ မင်းတပ်၊ မတူပီ)၊ စုစုပေါင်း ရုံး(၆)ရုံးဖြင့် အခွန်စည်းကြပ်ကောက်ခံမှုလုပ်ငန်းများကို နှစ်စဉ်လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအား ၁၉၇၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လူနေ အိမ်ခြေနည်းပါးခြင်း၊ ဝင်ငွေခွန်ရရှိမှုနည်းပါးခြင်း၊ ကောက်ခံရရှိသော အခွန်ရငွေနှင့် ဝန်ထမ်းစရိတ်များ၊ ရုံးအသုံးစရိတ်ကုန်ကျငွေ မမျှတခြင်းများကြောင့် ၁ - ၉ - ၁၉၈၉ ရက်နေ့တွင် ပိတ်သိမ်းခဲ့ပြီး ဟားခါး မြို့နယ်ရုံးမှ တွဲဖက်တာဝန်ယူ အခွန်ကောက်ခံခဲ့ပါတယ်။ လက်ရှိအခြေအနေတွင် ထန်တလန်မြို့နယ် အတွက် အခွန်စည်းကြပ်ကောက်ခံမှုကို သီးခြားမြို့နယ်ရုံးအဖြစ် ပြန်လည်ဖွင့်လှစ် ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ ဟားခါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက် ရာတွင် ဝန်ထမ်း(၃)ဦးမှ တစ်လလျှင်(၂)ကြိမ်ခန့် တစ်ညအိပ်သွားရောက်ပြီးတော့ အခွန်စည်းကြပ်မှု များကို ဆောင်ရွက်လျက်ရှိပါတယ်။

ထန်တလန်မြို့နယ်၏ စုစုပေါင်း အခွန်ကောက်ခံရရှိမှု အခြေအနေမှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၉.၂၆၇)သန်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၈.၈၄၅)သန်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၂၉.၉၃၅)သန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ် (၈၁.၉၀၇)သန်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကျပ်(၁၈.၅၄၄)သန်း တို့ဖြစ်ပါတယ်။ ထန်တလန်မြို့နယ်၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ တောင်ယာစိုက်ပျိုးရေး အဓိကဖြစ်ပြီး ယခုအခါ အိမ်ဆိုင်ငယ်များတိုးလာခြင်း၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်များတိုးချဲ့ဖွင့်လှစ်ခြင်း၊ ကုမ္ပဏီ လုပ်ငန်းရှင်များ များပြားလာခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားပြီးဖြစ်ခြင်း၊ ထန်တလန်မြို့မှ ဟားခါးမြို့သို့လည်းကောင်း၊ ထန်တလန်မြို့မှ ကလေးမြို့သို့လည်းကောင်း နေ့စဉ် မော်တော်ယာဉ်လိုင်း (၂)လိုင်းဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိခြင်းစသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကြောင့် မြို့၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အခွန်အခြေချဲ့ထွင်နိုင်မည့် အလားအလာကောင်းများရှိသည်ကို တွေ့ရှိရ ပါတယ်။ သို့ဖြစ်ပါ၍ (ဂ)အဆင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သီးခြားပြန်လည် ဖွင့်လှစ်ဆောင်ရွက်ရန် သင့်လျော်ပါကြောင်း သုံးသပ်ရရှိပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ လက်ရှိဖွဲ့စည်းပုံတွင် ထန်တလန်မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးပါဝင်ခြင်းမရှိသဖြင့် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲတဲ့အခါမှာ (ဂ)အဆင့်မြို့နယ်ရုံးအဖြစ် ပြန်လည်ထည့်သွင်း ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါတယ်။ သို့ပါသော်လည်း ယင်းသို့ ဆောင်ရွက်နေစဉ်အတွင်းမှာ ထန်တလန် မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးကို ထန်တလန်မြို့၏ သင့်လျော်သောနေရာမှာ ရုံးခန်းငှားရမ်းဖွင့်လှစ် ပြီးတော့ ချင်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးလက်အောက်မှ ထုတ်နုတ်ဝန်ထမ်းအင်အားများဖြင့် ယာယီရုံးအဖြစ် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ထန်တလန်မြို့နယ်ရှိ အခွန်ထမ်းပြည်သူများအနေဖြင့် ပိုမိုလွယ်ကူစွာ အခွန်ပေးဆောင်နိုင်မည်ဖြစ်ခြင်း၊ ဌာနဆိုင်ရာအချင်းချင်း အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူများကို အခွန်ဆိုင်ရာဗဟုသုတများ မျှဝေနိုင်ခြင်း၊ အခွန်အခြေအနေကို ချဲ့ထွင်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရသင့်ရထိုက်သည့်အခွန်များ လွတ်ကင်းမှုမရှိဘဲ အပြည့်အဝကောက်ခံရရှိနိုင်မည့် အကျိုးကျေးဇူးများလည်းရရှိလာမည်ဖြစ်ပါတယ်။ ထန်တလန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးကို ယာယီရုံးအဖြစ် စတင်ဖွင့်လှစ်ဆောင်ရွက်၍ နောင်တွင် (ဂ)အဆင့်မြို့နယ်ရုံး ပြန်လည်ဖွင့်လှစ်နိုင်ရန် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ၏ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်ခွဲကို မြို့နယ်စီးပွားရေးဘဏ်ခွဲအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်မှ ဆက်လက် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်သည် ရုံးချုပ်ဌာနကြီး(၆)ခု အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးပေါင်း(၁၄)ခု၊ ခရိုင်/ကွပ်ကဲဘဏ်ခွဲ(၇၇)ခု၊ မြို့နယ်ဘဏ်ခွဲ(၂၁၄)ခု၊ ဘဏ်ငွေတိုက်ခွဲ(၁၈)ခု၊ ကိုယ်စားလှယ်ရုံးခွဲ(၅)ခုကို ဖွင့်လှစ်၍ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုအတွက် ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိတဲ့ နိုင်ငံတော်ပိုင်ဘဏ်ကြီးတစ်ခုဖြစ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် ဖွင့်လှစ်ထားသော ဘဏ်ငွေတိုက်ခွဲအား မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန်နှင့်ပတ်သက်၍ ငွေတိုက်ခွဲ၏ လုပ်ငန်းပမာဏမှာ တစ်ရက်လျှင် ပျမ်းမျှငွေလွှဲ လွှဲပို့စောင်ရေ(၂၃)စောင်၊ ပျမ်းမျှငွေထုတ်စောင်ရေ(၉)စောင်၊ ငွေစုဘဏ်စာရင်းဦးရေ (၇၄၂)ဦးသာရှိသည်ကို တွေ့ရှိရပြီး ကွမ်းလုံမြို့နယ်ဘဏ်ခွဲသည် ဟိုပန်မြို့နှင့် (၁၃)မိုင်ခန့်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ခြင်း၊ ဟိုပန်ဘဏ်ငွေတိုက်ခွဲတွင်လည်း လက်ရှိအခြေအနေတွင် ဝန်ထမ်းအင်အားနှင့် လုပ်ငန်းပမာဏ နိုင်နင်းမှုရှိခြင်းတို့ကြောင့် မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် ဦးစားပေးဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်း၊ နောင် လုပ်ငန်းပမာဏ ယခုထက် ပိုမိုများပြားလာသည့်အပေါ် မူတည်၍ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးကို သုံးသပ်ပြီး မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သင့်သည့်အခါ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စု

တရားလွှတ်တော်ချုပ် တရားသူကြီးက မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမြဟန် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ The Yangon Insolvency Act ကို ၁၉၀၉ ခုနှစ်မှာ အိန္ဒိယအက်ဥပဒေ အမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ The Myanmar Insolvency Act ကို ၁၉၂၀ ပြည့်နှစ်မှာ အိန္ဒိယ အက်ဥပဒေအမှတ်(၅)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီအက်ဥပဒေ(၂)ခုဟာ လူပုဂ္ဂိုလ်ဆိုင်ရာ လူမွဲခံယူခြင်း အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အဲဒီအက်ဥပဒေ(၂)ခုကို ခေတ်အခြေအနေနှင့် လျော်ညီစေရန်နှင့် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် လူပုဂ္ဂိုလ်ဆိုင်ရာ၊ လူမွဲခံယူခြင်းဆိုင်ရာကိစ္စ ပြဋ္ဌာန်း ချက်များအပြင် ကုမ္ပဏီများ Micro အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်း၊ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းဆိုင်ရာကိစ္စများ ပြဋ္ဌာန်းခြင်း၊ မြီရှင်နှင့် မြီစားတို့ကြား တရားရုံးပြင်ပတွင် ညှိနှိုင်းမှုပြုနိုင်မည့် ပြဋ္ဌာန်းချက်များ၊ မြီစားများ ပြန်လည်ရှင်သန်စေသော အခွင့်အရေးပေးသည့် ပြဋ္ဌာန်းချက်များ၊ နယ်စပ်ဖြတ်ကျော် လူမွဲမှုခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သော ဥပဒေတစ်ရပ် လိုအပ်လာပါသဖြင့် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကို အသေးစိတ် ရေးဆွဲရခြင်းဖြစ်ပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစား ပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ လူမွဲ ခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် စိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၈ - ၇၀၉**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၁၆ - ၁၀ - ၂၀၁၈ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် ၂၇ - ၁၁ - ၂၀၁၈ နှင့် ၃၀ - ၁၁ - ၂၀၁၈ ရက်နေ့တို့တွင် တွေ့ဆုံညှိနှိုင်းခဲ့ ကြပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) ပိုမိုပြည့်စုံ လေးနက်မှုရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ဆိုသည့်စကားရပ်ကို မြီစားပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းတွင် ပါရှိသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဆိုသည့်စကားရပ်များကို မြီစားပြန်လည် ထူထောင်ခြင်းဆိုင်ရာ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၁၈ ကို အပိုဒ် ၄၁၈၊ အပိုဒ်ခွဲ(က) ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)၏အောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် ဤဥပဒေသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် သက်ဆိုင်ခြင်း မရှိစေရဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ ဥပဒေဆိုင်ရာ ပြင်ဆင်ချက်များအဖြစ် မူလဥပဒေကြမ်း အပိုဒ် ၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)၊ (ဂ) ကို အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁)၊ (၂) ကို အပိုဒ် ၄ အဖြစ်လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၆၊ အပိုဒ် ၁၀၉၊ အပိုဒ် ၁၁၀၊ အပိုဒ် ၁၁၁၊ အပိုဒ်

၂၀၇၊ အပိုဒ်ခွဲ(က) ခြေဆင်းကို အပိုဒ်ခွဲ(က) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၀၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)၊ (၂) ကို အပိုဒ်ခွဲ (ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၀၇၊ အပိုဒ်ခွဲ(ခ) ကို အပိုဒ်ခွဲ(ဂ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၁၃၊ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င)၊ အပိုဒ် ၂၄၈၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၅၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၅၅၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၁)၊ (၂) ကို အပိုဒ် ၂၅၅၊ အပိုဒ်ခွဲ(ခ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၅၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇၈၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၇၉၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၈၉၊ အပိုဒ်ခွဲ(ခ)၊ (ဆ)၊ အပိုဒ် ၂၉၀၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၅၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၉၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၉၈၊ အပိုဒ်ခွဲ(က)၊ (ခ) ကို အပိုဒ် ၂၉၈၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၉၉၊ အပိုဒ် ၃၀၀၊ အပိုဒ်ခွဲ (က)၊ (စ)၊ အပိုဒ် ၃၀၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၀၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၆၀၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၃၊ အပိုဒ် ၃၇၄၊ အပိုဒ် ၃၇၅၊ အပိုဒ် ၃၈၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၄၀၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၁၊ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၄၁၉ တို့ကို အသီးသီး အစားထိုး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် အပိုဒ် ၄၊ အပိုဒ် ၁၅၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၁၃၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၅၉၊ အပိုဒ်ခွဲ(ဂ) တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းတစ်ရပ်လုံး အပေါ် မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက် ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ထားပြီးဖြစ်ပါသည်။ ထို့ပြင် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း ပြင်ဆင်ထားပြီးဖြစ်ပါသည်။

(ဂ) ဥပဒေဆိုင်ရာပြင်ဆင်ချက်များကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို လေးစားပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈ - ၁ - ၂၀၁၉ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ် မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးစိုးမိုး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးမှုရှိမှသာ နိုင်ငံ၏ တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်ပါတယ်။ တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် တရားရုံးရှေ့မှောက်၌ လူတိုင်းအပေါ် သာတူညီမျှရှိခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်ဟု လည်းကောင်း၊ ဂုဏ်သိက္ခာရှိမှုနှင့် ဂုဏ်သိက္ခာရှိမှုကို ပေါ်လွင်စေခြင်းသည် တရားသူကြီး

တစ်ဦး၏ လုပ်ဆောင်မှုတိုင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ တရားသူကြီးများသည် ပြည်သူလူထုက အစဉ်အမြဲ မှတ်ကျောက်တင်နေကြောင်း မျှော်မှန်းထားရမည်။ တရားသူကြီး၏ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများသည် ဖြောင့်မတ်တည်ကြည်မှုကို ရောင်ပြန်ဟပ်စေသည်ဖြစ်ရာ တရားသူကြီး၏ ကောင်းမွန်သော အပြုအမူနှင့် အမူအကျင့်တို့ဖြင့် ပြည်သူလူထု၏ယုံကြည်မှုကို ရသင့်သည်။ တရားသူကြီး တစ်ဦး၏ ပြုမူဆောင်ရွက်ချက်သည် တရားစီရင်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုအပေါ် ပြည်သူ၏ ယုံကြည်ကိုးစားမှုကိုရရှိရန် ထပ်လောင်းအတည်ပြုခြင်း ဖြစ်စေရမည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်သာစေရမည်ဟု စသည်ဖြင့် မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်တွင် လမ်းညွှန်ထားပါတယ်။ အဆိုပါ လမ်းညွှန်ချက်များအရ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာစေရန် အဓိကဆောင်ရွက် ရမည့်ပုဂ္ဂိုလ်များသည် တရားသူကြီးများဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် တရားစီရင်ရေးနှင့်ပတ်သက်ပြီး ပြည်သူများအကြား ဝေဖန်မှုများ မြင့်တက်ပြီး ယုံကြည်မှု၊ အားကိုးမှု လျော့နည်းခြင်းများ တွေ့မြင်၊ ကြားသိနေရတာကို အားလုံးအသိ ဖြစ်ပါတယ်။ တရားရုံးများ၏ စီရင်ဆုံးဖြတ်မှုများနှင့် ပတ်သက်ပြီး မီဒီယာများမှတစ်ဆင့် ပြောဆိုမှုများ၊ လူမှုကွန်ရက်များတွင် ပြောဆိုဝေဖန် ပြစ်တင်မှုများ၊ မကျေနပ်၍ တရားသူကြီးအား ဖိနပ်ဖြင့် ပစ်ပေါက် သည့်ကိစ္စရပ်များ စသည်တို့သည် တရားစီရင်ရေးအား ပြည်သူတို့ ယုံကြည်အားကိုးမှု၊ ရိုသေ လေးစားမှု လျော့နည်းလာခြင်း၏ ပြယုဂ်များဖြစ်ပါတယ်။ ထို့အတွက်ကြောင့် တရားရုံးများအနေဖြင့် ပြည်သူများ ယုံကြည်အားကိုးမှု မြင့်တက်အောင် ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။

တရားသူကြီးများအနေဖြင့် တရားခွင်တွင် အမှုတစ်ခုကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာ အဂတိကင်းကင်းဖြင့် စီရင်ဆုံးဖြတ်ကြောင်း ပြည်သူများယုံကြည်ဖို့ လိုအပ်လှ ပါတယ်။ လက်ရှိအခြေအနေတွင် တရားခွင်တွင် အမှုသည်များ၊ သက်သေများကိုသာ ကျမ်းကျိန်ခိုင်းပြီး အမှုတစ်ခုကို အဆုံးအဖြတ်ပေးမည့် တရားသူကြီးများဟာ တရားခွင်မှာ၊ တရားစီရင်တဲ့အခါ ကျမ်းသစ္စာ ကျိန်ဆိုခြင်း၊ ကတိသစ္စာပြုခြင်း မရှိတဲ့အတွက် ၎င်းတို့၏ စီရင်ဆုံးဖြတ်မှုများနှင့် ပတ်သက်ပြီး ယုံမှား သံသယများရှိလာကြတဲ့အတွက် ယုံကြည်အားကိုးမှု လျော့နည်းလာခြင်းများ ဖြစ်ပါတယ်။ တရားသူကြီး များအနေဖြင့် တရားခွင်တက်တိုင်း၊ အမှုစစ်ဆေးတိုင်း ကျမ်းသစ္စာကျိန်ဆိုရန် မလိုအပ်သော်လည်း နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အခါ သို့မဟုတ် အမှုတစ်ခု စတင်စစ်ဆေးသည့် အချိန်တွင် ကျမ်းသစ္စာကျိန်ဆိုရန် လိုအပ်ပါတယ်။ သို့မှသာ မှန်ကန်မျှတဖြောင့်မတ်တဲ့ တရားသူကြီး ဖြစ်ရန် အထိန်းအကွပ်ပြုသလို ဖြစ်မှာဖြစ်တဲ့အတွက် တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရာသာမကဘဲ ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်သာစေရမည်ဟူသော လမ်းညွှန်စီရင်ထုံးများနှင့်လည်း ကိုက်ညီမှာဖြစ်ပါတယ်။

တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုရန် တရားရုံးများလက်စွဲမှာ ထည့်သွင်းညွှန်ကြားပေးရန် လည်းလိုအပ်လှပါတယ်။ တရားစီရင်ရေးကို နည်းလမ်းတကျ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ် စေရန် တရားရုံးများလက်စွဲကို ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ တရားရုံးများလက်စွဲပါ လမ်းညွှန်ချက်များကို တရားရုံးအသီးသီးက ကောင်းစွာလိုက်နာ ဆောင်ရွက်ကြရပါမယ်။ တရားရုံးများလက်စွဲ အပိုဒ် ၇၅ မှာ ကျမ်းသစ္စာအက်ဥပဒေ ပုဒ်မ ၇ အရ ကျမ်းသစ္စာကျိန်ဆိုရန်၊ ကတိသစ္စာဆိုရန် ပုံစံများကို ပြဋ္ဌာန်းထား

ပါတယ်။ ခရစ်ယာန်ဘာသာဝင်၊ ဖါရစီဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်၊ ကိုယ်ဝန်ဆောင် မိန်းမ၊ ရဟန်း သို့မဟုတ် သာမဏေအတွက်၊ တရုတ်လူမျိုးများအတွက်၊ ဘာသာပြန်များအတွက်၊ ဂျူရီလူကြီးများအတွက်၊ ကျမ်းကျိန်လွှာ တင်သွင်းသူများအတွက် ကျမ်းသစ္စာကျိန်ဆိုခြင်းကို မည်သို့ပြုလုပ်ရမည်ဟုလည်းကောင်း၊ ကျမ်းသစ္စာကျိန်ဆိုရန် သဘောမတူသော မည်သည့်ဘာသာဝင်ကိုမဆို ဖြစ်သည့် သက်သေများအတွက်၊ ဘာသာပြန်များအတွက်၊ ဂျူရီလူကြီးများအတွက်၊ ကျမ်းကျိန်လွှာ တင်သွင်းသူများအတွက် ကတိသစ္စာပြုခြင်းတို့ကိုလည်း အသေးစိတ် လမ်းညွှန်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ကျမ်းသစ္စာပုံစံပါ။ တရားရုံးတွေမှာထားတဲ့ ကျမ်းသစ္စာပုံစံပါ။ အဲဒီတော့ ဒီကျမ်းစာမှာပါတဲ့ အဓိပ္ပာယ်အနှစ်ချုပ်ကို တင်ပြရမယ်ဆိုရင်တော့ မဟုတ်မမှန်ထွက်ဆိုပါက သာသနာတော်စောင့်နတ်၊ လောကပါလစောင့်နတ်၊ ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ရဲ့ ဘေးသင့်ပြီး သေစေခြင်း၊ ရေဝယ်သွားသော်လည်း ရေနေအပေါင်း မိကျောင်း၊ လင်းပိုင်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ ကြည်းဝယ်သွားသော်လည်း ကျားသစ်၊ ဆင်ရဲ၊ မြွေပွေး၊ မြွေဟောက်တို့ရဲ့ ဘေးသင့်ပြီးသေစေခြင်း၊ သွေးခဲ၊ သွေးနက် ပွက်ပွက်ထ၍ သေစေခြင်း၊ သားမြေးဥစ္စာကုန်အောင် မကြွင်းပျက်စီးခြင်း၊ သေတုံငြားလည်း ငရဲကြီးရှစ်ထပ်၊ အပါယ်လေးပါးလားစေခြင်း ဆိုပြီးတော့ ဒါက မဟုတ်မမှန်ထွက်ဆိုရင် ဖြစ်မယ့်ဆိုးကျိုးတွေပါ။ ဟုတ်မှန်စွာထွက်ဆိုပါက နတ်ကောင်း၊ နတ်မြတ်၊ နတ်အပေါင်းတို့က ကောင်းသောကြည့်ခြင်းဖြင့် ကြည့်မြင်လျက်စောင့်ရှောက်တော်မူကြပြီး၊ ကာယသုခ၊ စိတ္တသုခ ချမ်းသာဖြစ်စေသတည်း။ ကြမ္မာအပေါင်း၊ ဘေးအပေါင်း၊ ပြစ်ဒဏ်ဟူသမျှ ရောဂါအနာမျိုးတို့သည် မထိမရောက်၊ မကပ်ငြိ၊ ချမ်းသာအတိ ပြီးပြည့်စုံသတည်း သားမြေး ဥစ္စာရတနာ တိုးတက်ချမ်းသာ မင်္ဂလာအပေါင်း၊ ကောင်းမြတ်သောကျက်သရေ၊ တက်နေအဆင်း၊ ဆန်းလမြင့်သို့ ဖြစ်စေသတည်း။ ထိုမှတစ်ပါး သေလွန်သော်လည်း အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးတို့မလား၊ မကပ်၊ မရောက်သည်ဖြစ်၍ လူ့ပြည်၊ နတ်ရွာ၊ နိဗ္ဗာန်ချမ်းသာပြီး သုံးပါးတို့ကို ရသတည်းဆိုပြီး ပါရှိပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် မှန်ကန်စွာထွက်ဆိုရင် ရရှိမယ့်အကျိုးနဲ့ မမှန်မကန်ထွက်ဆိုလျှင် ရရှိမည့်အဆိုးတွေ ဖြစ်ပါတယ်။

တရားစီရင်ရေး တော်သင့်မှန်ကန်စေဖို့ ရည်ရွယ်ပြဋ္ဌာန်းထားတာတွေလည်း ဖြစ်ပါတယ်။ မည်သည့်ဘာသာမဆို ဖြစ်စေကာမူ ဂျူရီလူကြီး၊ သက်သေ သို့မဟုတ် စကားပြန်တစ်ဦးတစ်ယောက်သည် ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုလိုဟု ငြင်းဆန်နိုင်ပါသည်။ ထိုသို့ငြင်းဆန်လျှင် ထိုသူအား ကတိသစ္စာဆိုစေရမည်ဟုလည်း ပါရှိတဲ့အတွက် ၎င်းအခွင့်အရေးကိုယူပြီး များသောအားဖြင့် အစိုးရဝန်ထမ်းတွေနှင့် ရဲအရာရှိသက်သေတွေဟာ ကျမ်းသစ္စာမကျိန်ဘဲ ကတိသစ္စာ ပြုနေကြတာတွေလည်း တွေ့နေရပါတယ်။ ကတိသစ္စာပြုပြီး ထွက်ဆိုချက်ဟာ မှန်ကန်တဲ့ထွက်ဆိုချက်ဖြစ်ပြီး အမှုမှန်ပေါ်ဖို့ လွန်စွာအားနည်းပါတယ်။ ထွက်ဆိုအစစ်ခံချက်များပေါ် မူတည်ပြီး စီရင်ဆုံးဖြတ်ကြရတဲ့ တရားသူကြီးများအတွက်လည်း အမှန်တရားပေါ်ပေါက်ပြီး မှန်ကန်စွာတရားစီရင် ဆုံးဖြတ်နိုင်ဖို့ များစွာအခက်အခဲရှိနေပါတယ်။ ထို့ကြောင့်လည်း ပြည်သူများမှ တရားသူကြီးများအပေါ် ယုံမှားသံသယဖြစ်ပြီး စွပ်စွဲပြစ်တင်ခြင်းများ၊ ယုံကြည်မှုကင်းမဲ့ခြင်းများ ရှိနေသည်များလည်း ကြားသိနေရပါတယ်။ အမှုတစ်ခုကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်စွာဆုံးဖြတ်နိုင်ရန်၊ ပြည်သူများ၏ ယုံကြည်မှုရစေရန် တရားသူကြီး

များအနေဖြင့် ကျမ်းသစ္စာကျိန်ဆိုရန် လက်ရှိအခြေအနေ၊ အချိန်အခါအရ ညွှန်ကြားဆောင်ရွက်ရန် အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။

လက်တွေ့တွင် ပြဋ္ဌာန်းထားသောပုံစံများအတိုင်း တိကျလေးနက်စွာ ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုသည့်သက်သေများ၊ အမှုသည်များလည်း တွေ့ရှိနေရပါတယ်။ တချို့တရားရုံးများတွင် ကျမ်းသစ္စာကို ကျမ်းထုပ်အတွင်း ထည့်သွင်းထားမှုမရှိခြင်း၊ တရားရုံးများ၏ အများမြင်သောနေရာတွင် ကပ်မထားခြင်း များလည်းရှိပါတယ်။ ကျမ်းသစ္စာကျိန်ဆိုစေ၍ အမှုစစ်ဆေးခြင်း၊ ထွက်ဆိုချက်ရယူခြင်းသည် အမှန်တရားကို ပိုမိုရရှိစေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ တရားရုံးလက်စွဲ အပိုဒ် ၇၄ မှာလည်း ကျမ်းသစ္စာပေးခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ထားပြီး ဖြစ်ပါတယ်။ အဆိုပါ လမ်းညွှန်ချက်အတိုင်း ကျမ်းသစ္စာကျိန်ဆိုစေရန် ညွှန်ကြားဆောင်ရွက်ဖို့ လိုပါတယ်။ မှန်ကန်သောထွက်ဆိုချက်များ ရရှိပြီး မှန်ကန်ဖြောင့်မတ် မျှတသော တရားစီရင်ရေး ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးကို ပြည်သူများ ယုံကြည်အားကိုးလာသည်နှင့်အတူ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးလာနိုင်မှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ကျမ်းသစ္စာ အက်ဥပဒေ ပုဒ်မ ၆ အရ ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုရသော ဟိန္ဒူဘာသာဝင်၊ မဟာမေဒင် ဘာသာဝင် သက်သေများ၊ ဂျူရီလူကြီးများ သို့မဟုတ် စကားပြန်များမှအပ ကျန်ဘာသာဝင် တရားသူကြီးများ၊ အမှုသည်များ၊ သက်သေများအားလုံး နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အခါ သို့မဟုတ် အမှုတစ်ခု စတင်စစ်ဆေးသည့်အချိန်တွင် ကျမ်းသစ္စာကျိန်ဆိုရန် ကျွန်တော့်အနေဖြင့် ပြည်သူများ ယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့်တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာကျိန်ဆိုရေး အဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး တင်သွင်းသော ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျ လေးနက်စွာ ကျိန်ဆိုရေး အဆိုနှင့် စပ်လျဉ်းသည့် အဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုးမိုး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်သူများ ယုံကြည်ကိုးစား အားထားပြီး ဖြောင့်မတ်မှန်ကန် မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့်သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေး အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုးမိုးရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးစိုးမိုး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]